**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၆ /၂၀၀၅**
**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**( ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက် )**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပသို့တင်ပို့သော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့်တိရစ္ဆာန်အစာကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**ပြည်ပသို့တင်ပို့သောတိရစ္ဆာန်ကိုစစ်ဆေးခြင်း**

၁။ ပြည်ပသို့တင်ပို့မည့်တိရစ္ဆာန်နှင့်စပ်လျဉ်း၍ ကျန်းမာရေးထောက်ခံချက်လက်မှတ်ရယူလိုသူသည် သတ်မှတ်ထားသောပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါတို့ကိုပူးတွဲလျက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ဤမှနောင်တွင် ဦးစီးဌာန ဟူ၍ခေါ်ဝေါ်သုံးနှုန်းမည်)သို့ လျှောက်ထားရမည်-

(က) ပြည်ပသို့တင်ပို့မည်တိရစ္ဆာန်ကို လက်ခံသောနိုင်ငံ၏ လိုအပ်ချက်၊
(ခ) ဦးစီးဌာနတာဝန်ရှိဝန်ထမ်း သို့မဟုတ် တိရစ္ဆာန်ဆေးကုဆရာဝန်ကထုတ်ပေးသည့် ပြည်ပသို့တင်ပို့မည့်တိရစ္ဆာန်အား လိုအပ်သောကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်၊
(ဂ) ဦးစီးဌာနက လိုအပ်၍တောင်းခံသည့် အခြားအထောက်အထားများ။

၂။ ပြည်ပသို့တိရစ္ဆာန်တင်ပို့သူသည်-

(က) လက်ခံမည့်နိုင်ငံ၏လိုအပ်ချက်အရ တင်ပို့မည့်တိရစ္ဆာန်အား ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက သတ်မှတ်ထားသည့်နေရာတွင် သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ သီးသန့်ခွဲခြားထားရှိ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်ကို ကျွေးမွေးခြင်း၊ စောင့်ရှောက်ခြင်း၊ လိုအပ်သောစမ်းသပ်စစ်ဆေးမှုပြုလုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်း၊ သီးသန့်ခွဲခြားထားရှိခြင်း၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းနှင့် လိုအပ်ချက်အရဆောင်ရွက်ရသောအခြားလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်ရမည်။

## အခန်း(၂)
## ပြည်ပို့သို့တင်ပို့သောတိရစ္ဆာန်ထွက်ပစ္စည်းနှင့်တိရစ္ဆာန်အစာကိုစစ်ဆေးခြင်း

၃။ ပြည်ပသို့တင်ပို့မည့်တိရစ္ဆာန်ထွက်ပစ္စည်းသို့မဟုတ်တိရစ္ဆာန်အစာနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီကြောင်းနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သောရောဂါပိုး သို့မဟုတ် အဆိပ်အတောက်ပါဝင်ခြင်းမရှိကြောင်း ထောက်ခံချက်လက်မှတ်ရယူလိုသူသည် သတ်မှတ်ထားသောပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါတို့ကိုပူးတွဲလျက် ဦးစီးဌာနသို့လျှောက်ထားရမည်-

(က) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို လက်ခံသော နိုင်ငံ ၏လိုအပ်ချက်၊

(ခ) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကိုဝယ်ယူခဲ့သည့် ဒေသ နှင့် သိုလှောင်ထားရှိသည့်နေရာတို့တွင် သတ်မှတ်ထားသည့်ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာဒေသရှိ ဦးစီးဌာန မြို့နယ်တာဝန်ခံဝန်ထမ်းက ထုတ်ပေးသည့် ထောက်ခံချက်၊

(ဂ) ပြည်ပသို့တင်ပို့မည့်တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ထုတ်လုပ်ပုံနှင့် စပ်လျဉ်းသည့် အချက်အလက်အထောက်အထားများ၊

(ဃ) ဦးစီးဌာနက လိုအပ်၍တောင်းခံသည့် အခြားအထောက်အထားများ။

၄။ ပြည်ပသို့တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန် အစာတင်ပို့သူသည်-

(က) ပြည်ပပို့တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ထုတ်လုပ်သော

နေရာနှင့် သိုလှောင်ထားရှိသောနေရာတို့သို့ ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းကို ခံယူရမည်။

(ခ) ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက လိုအပ်သော စစ်ဆေးစမ်းသပ်မှုများပြုလုပ်ရန်နမူနာပစ္စည်း များရယူခြင်းကို အခမဲ့ပေးအပ်ရမည်။

(ဂ) လက်ခံမည့်နိုင်ငံ၏ လိုအပ်ချက်အရ ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ဦးစီးဌာနတာဝန်ရှိဝန်ထမ်းကသတ်မှတ်သည့် နေရာတွင် သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ သီးသန့် ခွဲခြားထားရှိစစ်ဆေးခြင်းကိုခံယူရမည်။

(ဃ) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကိုလိုအပ်သော စမ်းသပ် စစ်ဆေးမှုပြုလုပ်ခြင်း၊ ပိုးသတ်သန့်စင်ခြင်း၊ သီးသန့်ခွဲခြားထားရှိခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း နှင့် လိုအပ်ချက်အရဆောင်ရွက်ရသော အခြားလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်ရမည်။

၅။ ပြည်ပသို့ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ တင်ပို့သူသည်-

(က) ဦးစီးဌာနက သတ်မှတ်သည့်လေဆိပ်၊ သင်္ဘောဆိပ် သို့မဟုတ် စစ်ဆေးရေးစခန်းမှသာ တင်ပို့ရမည်။

(ခ) ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ အမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

ပုံ/-

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာအမှတ်၊ ၁/၁၉၀ (က) / ( ၃၁၈ /၂၀၀၅ )
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက်

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်
၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး
၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး
၇။ ဝန်ကြီးဌာန ( အားလုံး )
၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၉။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
၁၀။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ( အားလုံး )
၁၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ် ( အားလုံး )
၁၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ -

(ကျော်ကျော်ဌေး)
ရုံးအဖွဲ့မှူး